## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက် (၁၂/ ၂၀၂၃)

ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာအခြေခံမူများဖြစ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကြေညာစာတမ်း (Declaration of the Rights of the Child) ကို ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထိုစဉ်က အဖွဲ့ဝင် (၇၈) နိုင်ငံအားလုံးက အပြည့်အဝတညီတညွတ်တည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child-CRC) ကို (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၄/၂၅ ဖြင့် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့ပါသည်။ ထိုဖြစ်စဉ် နှစ်ရပ်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ (World Children’s Day) အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၃၄) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဦးတည်ချက်ဆောင်ပုဒ်မှာ **“အခွင့်အရေးအားလုံး ရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး” “For Every Child, Every Right”** ဖြစ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် တစ်ရပ်ဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRC) ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ မြန်မာနိုင်ငံကလည်း ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ ထိုသဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်နှစ်ရပ်ကိုလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းများကို ပိုမို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ကလေးသူငယ်များသည် ဆင်းရဲမွဲတေမှု၊ အာဟာရ ချို့တဲ့မှု၊ ပညာရေးလက်လှမ်းမမီမှု၊ ကလေးလုပ်သား၊ အရွယ်မတိုင်မီ ထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုစသည်ဖြင့် စိန်ခေါ်မှုများ ရှိနေသည်ဖြစ်ရာ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်အောင်ဖန်တီး လုပ်ဆောင်ပေးကြမှသာလျှင် အနာဂတ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးနှင့်ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

ကလေးသူငယ်များ လူမှုအသိုက်အဝန်းအတွင်း အကျင့်စာရိတ္တ ကောင်းမွန်ပြီး အားကိုးအားထားရသော လူငယ်များ ဖြစ်လာစေရေး မျှော်မှန်းလျက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါရန် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် (၃၄) ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်**